UNITE714

အပတ် ၇ ဆုတောင်းခြင်း

မေလ 3
ရက်မေလ 9
ရက်

ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့။ သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်း ပါရမီတည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်၊

- ဧဖက် ၆:၁၃-၁၄

ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ယုံမှားခြင်း နှင့်ကင်းသော ယုံကြည်ခြင်း ရှိလျှင်၊ သင်္ဘောသဖန်းပင်၌ ပြုသကဲ့သို့ သင်တို့ပြုနိုင်သည်သာမက၊ ထိုတောင် ကိုပင်နေရာမှ ရွှေ့လော့၊ ပင်လယ်၌ ကျလော့ ဟုဆိုလျှင်ဆိုသည် အတိုင်းဖြစ်လိမ့်မည်။

- မဿဲ ၂၁:၂၁

ဆုတောင်းခြင်း

ကောင်းကင်ဘုံအဘ အကျွန်ပ်တို့သည် ဤCovid-19 ကပ်ရောဂါအောက်တွင် ရက်သတ္တပတ်များစွာရှိနေပါ၏။ အကျွန်ပ်တို့သည် ဆိတ်ညံလျက်ရှိနေသော ကျွန်ပ်တို့၏အိမ်၌နေကာ သတင်းဆိုးများစွာကို စက်သေနတ်ပစ်သည့်အလားကြားနေရပြီး ဖျားနာမှု၊ ငွေကြေးခက်ခဲမှုစသည့် စိုးရိမ်ကြောင့်ကြမှုများဖြင့် အန္တရာယ်များဆီသို့ ရောက်အံ့ဆဲဆဲ အခြေအနေ များနှင့် ရင်ဆိုင်နေကြရပါသည်။ ကျွန်ပ်တို့သည် ကိုယ်တော့်အား ယုံကြည်ခြင်းဖြင့်သာ ရက်ပေါင်းများစွာ ဖြတ်ကျော်လာခဲ့ ပြီးဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော့်ထံမှ ကျေးဇူးတော်နှင့် တန်ခိုးတော်ကြောင့် ကျွန်ပ်တို့ ပြန်လည်နိုးထရှင်သန်နိုင်ပါ၏။

ယေရှုခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်ရေးရာ ဘုရားသခင်၏လက်နက်စုံကို ယနေ့ ကျွန်ပ်တို့ ယူတင်ဝတ်ဆောင်ကြပါ၏။ ဘုရားသခင်၏နူတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို အမှီပြု၍ Covid-19 ရောဂါ ကို ဆုတောင်းခြင်းအားဖြင့် ပြန်လည်တွန်းလှန်လျက်ပါ၏။ ကျွန်ပ်တို့၏မိသားစုများ၊ အသင်းတော်များ၊ မြို့ရွာများ ၊နိုင်ငံများကို ဖျက်ဆီးလျက်ရှိသော Covid -19 ရောဂါ ကို ပြန်လည် ခုခံတိုက်ခိုက်ကြပါ၏။

ဤမိုင်းရပ်စ်ပိုးသည် ယခုချိန်တွင် ကမ္ဘာလောကတခုလုံးရှိ တိုင်းနိုင်ငံများအပေါ် ၊လူမှုအဖွဲ့အစည်းတခုလုံးအပေါ် များစွာချုပ်ကိုင်လွမ်းမိုး လျက်နေပါ၏။ သို့သော်လည်း ဤကဲ့သို့စိန်ခေါ်နေသော Covid-19 ရှေ့မှောက်တွင် ကျွန်ပ်တို့သည် မတ်တပ်ရပ်ကာ ဘုရား၏ တတ်နိုင်တော်မူခြင်း၊ ကယ်တင်နိုင်သော အစွမ်းတန်ခိုးများကို ဝန်ခံကြွေးကြော်ပါ၏။

ဘုရားသခင် ကိုယ်တော်၏ဂရုဏာကြီးလှသောကြောင့် Covid-19 သည် အမြစ်မှသွေ့ခြောက်သေဆုံးမည်ဖြစ်သည်။ မကြာမီ ဤရောဂါပိုးသည် ပျက်စီးကာ ကျွန်ပ်တို့ရှေ့မှောက်တွင် လုံးဝ ပျောက်ကွယ် သွားမည်ဖြစ်သည်။

အဘ ဘုရားရှင် ကျွန်ပ်တို့၏နှလုံးသားများကို ပြုပြင်ပေးပါ။ ယုံကြည်ခြင်း ကိုပေးပါ။ ကိုယ်တော့်၏ အကျင့်သဘောသဘာဝ ကျွန်ပ်တို့အထဲတွင် သာ၍ဖြည့်ပေးပါ။ ကိုယ်တော်၏ ဂရုဏာတော်နှင့်ကျေးဇူးတော်ကို ပြသတော်မူပါ။ ကိုယ်တော်၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ပ်တို့ အပေါ်၌ သွန်းလောင်းပါမည်အကြောင်း ကိုယ်တော်ထံနှိမ့်ချစွာတိုးဝင်လျက် တောင်းလျောက်ပါ၏။

ဤကဲ့သို့ ခက်ခဲလှသောအချိန်နာရီတွင်ပင် ကိုယ်တော်၏အသင်းတော်များအားဖြင့် သန်းပေါင်းများစွာသောဝိညာဉ်များကိုကယ်တင်ခြင်းနှင့် တပည့်တော်များဖြစ်လာစေရန် အသုံးပြုတော်မူပါ။

ဤဆုတောင်းချက်ကိုမဟာအနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော သခင်ယေရှုခရစ်တော်၏နာမတော်၌ဆုတောင်းပဌာနာပြုပါ၏။